(ဃ) အငှားချထားသည့်အဆောက်အဦများအားလိုအပ်သည့် ပြင်ဆင်မွမ်းမံခြင်းများ ဆောင်ရွက်ရ မည်။ အငှားချထားသူ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အဦပိုင်းဆိုင်ရာ ပုံစံပြောင်းလဲ ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းများမပြုလုပ်ရ။

(င) အငှားချထားသည့် မြေနှင့်အဆောက်အဦတွင် အသုံးပြုသော လျှပ်စစ်မီတာအား၊ သဘာဝဓါတ်ငွေ့၊ ရေ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အသုံးပြုကြေးနှင့် အခွန်အခများအား သတ်မှတ်ရက်အတွင်း အချိန်မီ ပေးဆောင်ရမည်ဖြစ်ပြီး၊ ပေးဆောင်ထားသည့် ပြေစာအထောက်အထား မိတ္တူများအား အငှားချထားသူထံ လစဉ်ပေးပို့ရမည်။

(စ) အငှားချထားသည့် မြေနှင့်အဆောက်အဦများကို လျော်ကန်သင့်မြတ်သော သတိဝီရိယဖြင့် ကောင်းမွန်စွာ ထိန်းသိမ်း ထားရမည်။ လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို တည်ဆဲဥပဒေစည်းမျဉ်းများနှင့်အညီသုံးစွဲပြီးမီးဘေး ကာကွယ်ရေး အစီအမံများ လုံလောက်စွာ ထားရှိရမည်။

(ဆ)အငှားချထားခြင်းခံရသူသည် အထည်အလိပ်နှင့် ဆက်စပ်သောလုပ်ငန်းများအားလုံးကို လုပ်ကိုင်ခွင့်ရှိသည်။ အထည်အလိပ်လုပ်ငန်းမဟုတ်သော လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်လိုပါက အငှားချထားသူနှင့် ညှိနှိုင်းသဘောတူညီမှုဖြင့် ဆောင်ရွက်နိုင်သည်။

(ဇ) အငှားချထားသည့် မြေနှင့်အဆောက်အဦများကို တဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့မဟုတ်တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ အသုံးပြုခွင့်ပေးခြင်း စသည်တို့လုံးဝ မပြုလုပ်ရ။

(ဈ) အငှားချထားသည့် မြေနှင့်အဆောက်အဦများကို စစ်ဆေးရန် လိုအပ်ပါကအငှားချထားသူက နည်းလမ်းတကျ လုပ်ကိုင်ခွင့်ပေးအပ်သော ကိုယ်စားလှယ်များကိုဝင်ရောက်ခွင့်ပြုရမည်။

(ည) အငှားချထားသည့် ပစ္စည်းများနှင့်ပတ်သက်၍ မြေခွန်မှအပ စည်ပင်သာယာခွန်နှင့် အခြားအခွန်အခအမျိုးမျိုးကို ကျခံပေးဆောင်ရမည်။ (ငှားရမ်းကာလ ၁.၄.၂၀၁၃ မတိုင်မီ အခွန်အခများနှင့် သက်ဆိုင်ခြင်းမရှိပါ။)

(ဋ) ဤငှားရမ်းခြင်းအချိန်ကာလ သက်တမ်းကုန်သည့်အခါ အငှားချမြေနှင့်အဆောက်အဦကို မူလငှားရမ်းစဉ်က အခြေအနေအတိုင်း ပြုပြင်မွမ်းမံထိန်းသိမ်းထားရမည်။ သို့ရာတွင် အကျိုးအကြောင်းဆီလျော် မှုရှိသော ပွန်းပဲ့ခြင်းများအတွက် ပြောင်းလဲမှုများကို အငှားချထားသူက ခွင့်ပြုလက်ခံနိုင် သည်။

(ဌ) အငှားချထားသည့် မြေနှင့်အဆောက်အဦပေါ်တွင် ဆောင်ရွက်မည့် စက်ရုံအတွက် အလုံးစုံ အာမခံကို မြန်မာ့အာမခံလုပ်ငန်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ထားရှိ ရမည်ဖြစ်ပြီး၊

LNV-31D|Rm 7|Lucky Star(2)copy

အာမခံသက်တမ်းကျော်လွန်မှု မရှိစေရေး တာဝန်ယူဆောင်ရွက်ရမည်။

(ဍ) အငှားချထားသည့် မြေနှင့်အဆောက်အဦပေါ်တွင် ဥပဒေနှင့်မညီညွတ်သော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

(ပ) အငှားချထားခြင်းခံရသူမှ ဆောင်ရွက်မည့် လုပ်ငန်းအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် အထောက်အထားများထားရှိပြီး အငှားချထားသူထံ မိတ္တူတစ်စုံ အပ်နှံထားရမည်။

အငှားချထားသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ အငှားချထားသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အငှားချထားခြင်းခံရသူအား အငှားချထားသည့် မြေနှင့်အဆောက်အဦကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခွင့်ပေးရမည်။

(ခ) မြေနှင့်အဆောက်အဦပေါ်တွင် တပ်ဆင်ထားပြီးသော လျှပ်စစ်ဓါတ်အား၊ သဘာဝဓါတ်ငွေ့၊ ရေ၊ တယ်လီဖုန်းတို့ကို အငှားချထားခြင်းခံရသူအား ဆက်လက်အသုံးချခွင့်ပြုရမည်။ အသုံးပြုသော လျှပ်စစ် ဓါတ်အား၊ သဘာဝဓါတ်ငွေ့၊ ရေ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေး ဆိုင်ရာ အသုံးပြုကြေးနှင့် အခွန်အခများအား အငှားချထားခြင်းခံရသူမှ လစဉ်အချိန်မီပေး ဆောင်မှု ရှိ/မရှိ စိစစ်ရမည်။

(ဂ) အငှားချထားသည့် မြေနှင့်အဆောက်အဦများအား အငှားချထားသူမှ နည်းလမ်းတကျ လုပ်ပိုင်ခွင့်ပေးအပ်သော ကိုယ်စားလှယ်များစေလွှတ်၍ အခါအားလျော်စွာ ဝင်ရောက်စစ် ဆေးခွင့်ရှိသည်။

(ဃ) အငှားချထားသောမြေအတွက် ကျသင့်သည့်မြေခွန်ကို ပေးဆောင်ရမည်။

(င) အငှားချထားသည့် မြေနှင့်အဆောက်အဦပေါ်တွင် ဆောက်လုပ်ဆောင်ရွက်မည့်စက်ရုံ နှင့်သက်ဆိုင်သော အာမခံများ၏ အာမခံသက်တမ်းကျော်လွန်မှုမရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(စ) လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များ ခေါ်ယူ၍ လုပ်ငန်းဆောင်ရွက် ခွင့်ပြုရမည်။ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းနေထိုင်စဉ် ကာလတွင် မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော ဥပဒေများကို လေးစားလိုက်နာရမည်။ လာရောက်လုပ်ကိုင်သည့် နိုင်ငံခြားသားများ စာရင်းကို အထည်အလိပ်လုပ်ငန်း သို့ တင်ပြ ရမည်။ အထည်အလိပ်လုပ်ငန်းအနေဖြင့် ယင်းနိုင်ငံခြားသားကျွမ်းကျင်သူ ပညာရှင်များ၏ ပြည်ဝင်ခွင့်(Visa)နှင့် ပြည်တွင်းနေထိုင်ခွင့်(Stay)ရရှိရေးအတွက် လိုအပ်သော ထောက်ခံ ချက်များ ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာကိစ္စ

၁၂။ အငှားချထားသည့်မြေနှင့်အဆောက်အဦပေါ်တွင် ဆောင်ရွက်မည့်စက်ရုံထွက်ရှိသောအခိုး အငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ရှိ မြေထု၊ရေထု၊လေထုတို့ကို ညစ်ညမ်း အောင်မပြုရ။

၁၃။ အငှားချထားခြင်းခံရသူသည် ငှားရမ်းမြေနှင့်အဆောက်အဦများနှင့် ပတ်သက်၍ပတ်ဝန်း ကျင်အတွက် အနှောက်အယှက်ဖြစ်စေမည့် ဆူညံသံများ၊ အခြားအနှောက်အယှက်ဖြစ်စေမည့်

အနှုတ်ရာယ်ကို ကြိုတင်ကာကွယ်တားဆီးရမည်။ အကယ်၍ မလွှဲမရှောင်သာဘဲ ဖြစ်ပွားပါက အငှား ချထားခြင်းခံရသူက ကိစ္စကျေနပ်ပြီးဆုံးသည့်တိုင်အောင် တာဝန်ယူ ဖြေရှင်းဆောင်ရွက်ရမည်။ ထို့အပြင် မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင် ရွက်ပေးရမည်။

စာချုပ်သက်တမ်းတိုးခြင်း

၁၄။ အငှားချထားခြင်းခံရသူသည် မြေနှင့်အဆောက်အဦများ ငှားရမ်းအချိန်ကာလ ကုန်ဆုံးပြီးနောက် အငှားချမြေနှင့်အဆောက်အဦများကို ဆက်လက်ငှားရမ်းလိုပါက နောက်ထပ်ငှားရမ်းလိုသည့်ကာလနှင့် ငှားရမ်းခနှုန်းထားကို ဖော်ပြလျက် စာချုပ်သက်တမ်းတိုးမြှင့်ပေးပါရန် အငှားချထားသူထံ ငှားရမ်းကာလ မကုန်ဆုံးမီ(၃)လကြိုတင်၍ စာဖြင့်တင်ပြရမည်။ ထိုသို့သက်တမ်းတိုးမြှင့်ခြင်း၊ ငှားရမ်းခနှုန်းထား ပြင်ဆင်ခြင်းတို့ကို စက်မှုဝန်ကြီးဌာနသို့တင်ပြ၍ အတည်ပြုချက်ရမှသာ အတည်ဖြစ်စေရမည်။

အငြင်းပွားမှုဖြေရှင်းခြင်း

၁၅။ ဤစာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် နှစ်ဦးနှစ်ဖက် ဖြေရှင်းကြရမည်။ ထိုကဲ့သို့ ဖြေရှင်းမရနိုင်ပါက ဥပဒေနှင့် အညီ သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ချက်ကိုခံယူရမည်။

သယံဇာတပစ္စည်းဆိုင်ရာကိစ္စ

၁၆။ ဤစာချုပ်၏ သက်တမ်းအတွင်း ယခုလုပ်ငန်းဆောင်ရွက်သည့်မြေ၏ မြေပေါ်မြေအောက်မှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ ရေနံဓါတုဆိုင်ရာပစ္စည်းများ၊ သဘာဝသယံဇာတပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများ၊ ကျောက်မျက်ရတနာများအစရှိသည်တို့ တွေ့ရှိလျှင် ထိုပစ္စည်းများကို အငှားချ ထားသူက ပိုင်ဆိုင်ရမည့်အပြင် အငှားချထားသူသည် ထိုပစ္စည်းများကို နိုင်ငံတော်အစိုးရအဖွဲ့အစည်း သို့လွှဲပြောင်းတင်ပြရမည်။ အငှားချထားသူသည် အဆိုပါ သယံဇာတပစ္စည်းများကို မည်သည့်အချိန်တွင် မဆို လွတ်လပ်စွာတူးဖော်ပိုင်ခွင့်ရှိစေရမည်။

ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း

၁၇။ အငှားချထားခြင်းခံရသူသည် ဤသဘောတူစာချုပ်ပါ ငှားရမ်းခြင်းကာလကုန်ဆုံးသည့်အခါတွင် ဖြစ်စေ၊ ငှားရမ်းခြင်းရပ်စဲသည့်အခါဖြစ်စေ၊ ယင်းသို့ကုန်ဆုံးသည့်နေ့ (သို့မဟုတ်)ရပ်စဲသည့်နေ့မှ (၉၀)ရက် အတွင်း အငှားချထားသည့် မြေနှင့်အဆောက်အဦများကို အငှားချထားသူသို့ အဖိုးသားနားမပါရှိဘဲ ကောင်းမွန်သော အနေအထားဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ရမည်။

၁၈။ အငှားချထားသည့် မြေနှင့်အဆောက်အဦတိုးချဲ့မှုများအားလုံးတွင် မရွှေ့မပြောင်းနိုင်သော အဆောက်အဦများသည် ငှားရမ်းခြင်းကာလ ကုန်ဆုံးသည့်အချိန်တွင် အခကြေးငွေ ပေးရန်မလိုဘဲ အငှားချထားသူပိုင် ပစ္စည်းများ အလိုအလျောက်ဖြစ်လာရမည်။ သို့သော် အငှားချထားခြင်းခံရသူမှ ပြန်လည်ဖြုတ်ယူမည့်ပစ္စည်းများအတွက် နှစ်ဦးနှစ်ဖက် မှတ်တမ်း များထားရှိသည့်အတိုင်း ပြန်လည်ဖြုတ်ယူသွားနိုင်သည်။ အသစ်တပ်ဆင်ထားသော လေအေးပေးစက်များ၊ လျှပ်စစ်ထုတ် စက်များနှင့် အခြားရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုမူ ထားခဲ့ရန်မလိုဘဲ ဖြုတ်ယူသွားနိုင်သည်။

မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များ

၁၉။ မလွန်ဆန်နိုင်သောဖြစ်ရပ်ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သောသတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူ ဖြစ်ရပ်များဖြစ်ပြီး ယင်းဖြစ်ရပ်များကြောင့်ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် ယင်းနစ်နာဆုံးရှုံးမှုအတွက် နှစ်ဦးနှစ်ဖက်မှ လျော်ကြေးတောင်းခံခွင့် မရှိစေရ။

၂၀။ ထိုသို့မလွန်ဆန်နိုင်သောဖြစ်ရပ် ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့် အချိန်မှ ၁၄ (တစ်ဆယ့်လေး) ရက်အတွင်း အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ ချက်ချင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ အငှားချထားသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်ပြောက်ပြီး မြေနှင့်အဆောက်အဦများ ငှားရမ်းအသုံးပြုခွင့်နှင့်တိုက်ရိုက် သက်ဆိုင်သောဖြတ်တောက်ကာလအပိုင်းအခြားအတွက် ငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

စာချုပ်အတည်ဖြစ်ခြင်း

၂၁။ ဤစာချုပ်သည် အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့ လက်မှတ်ရေးထိုးပြီးသည့်နေ့မှစ၍ အတည်ဖြစ်သည်။

စာချုပ်ပြင်ဆင်ခြင်း

၂၂။ ဤစာချုပ်ပါစည်းကမ်းများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံဖြည့်စွက်ပြုလုပ်လိုပါက အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့၏ နှစ်ဦးနှစ်ဖက်တရားဝင်စာဖြင့်သဘောတူညီချက်နှင့် စက်မှုဝန်ကြီးဌာနသို့ အတည်ပြုချက်ရယူ ဆောင်ရွက်နိုင်သည်။

၂၃။ အငှားချထားခြင်းခံရသူမှ မြေငှားရမ်းရာတွင် စီးပွားရေးအရ တွက်ချေကိုက်မှု မရှိခြင်း၊ အခြားသော အဆင်မပြေမှုများရှိခြင်းကြောင့် နှစ်ဦးနှစ်ဖက်ပြန်လည် ညှိနှိုင်းဆွေးနွေးရန် (၃)လ ကြိုတင် အကြောင်းကြားရမည်။

စာချုပ်အကျိုးသက်ရောက်မှု

၂၄။ ဤစာချုပ်သည် အငှားချထားခြင်းခံရသူတို့ လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စာချုပ်ရုပ်စဲခြင်း

၂၅။ (က) စာချုပ်ရုပ်စဲခြင်းနှင့်ပတ်သက်၍ စာချုပ်ကို အောက်ပါ အကြောင်းအရပ်များတစ်ခုခု ဖြစ်ပေါ် လာပါက စာချုပ်ကိုရုပ်စဲခွင့်ရှိသည်။

(၁) မလွန်ဆန်နိုင်သောဖြစ်ရပ်များ ကြောင့်ဖြစ်စေ အငှားချထားသည့် မြေနှင့်၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦများ ပျက်စီးဆုံးရှုံးသွား၍ လုပ်ငန်းဆက်လက်ဆောင် ရွက်ရန် မဖြစ်နိုင် တော့ခြင်း။

(၂) စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို အငှားချထားခြင်းခံရသူမှ ဖောက်ဖျက် ကျူးလွန်ခြင်း

(၃) အငှားချထားခြင်းခံရသူက လူမွဲအဖြစ်ခံယူသွားခြင်း။

(၄) မြေနှင့်အဆောက်အဦများ ငှားရမ်းသက်တမ်းကုန်ဆုံးခြင်း။

(၅) နှစ်ဖက်သဘောတူစာချုပ်ရုပ်စဲခြင်း။

(ခ) စာချုပ်သက်တမ်းမကုန်ဆုံးမီ စာချုပ်အား ရုပ်စဲလိုပါက ရုပ်စဲလိုကြောင်း ခိုင်လုံသော အကြောင်းပြချက်ဖော်ပြပြီး စာချုပ်ဝင် တစ်ဖက်ဖက်မှ အခြားတစ်ဖက်သို့ (၃)လကြိုတင် နို့တစ်ပေးရမည်။

(ဂ) အထက်ပါ ကိစ္စရပ်များအနက် ကိစ္စရပ်တစ်ခုခုကြောင့် စာချုပ်ရုပ်စဲလိုပါက ကော်မရှင်ကြီး ဌာနသို့ တင်ပြခွင့်ပြုချက်ရရှိမှသာ အကျိုးသက်ရောက်မှုရှိစေရမည်။

(ဃ) စာချုပ်ရုပ်စဲခြင်းသည် စာချုပ်ပါလုပ်ငန်းအားလုံးအား အကြေအလည်ပြီးပြတ် ရှင်းလင်းပြီးမှသာ ရုပ်စဲခြင်းပြီးမြောက်ရမည်။ ယင်းသို့ ရှင်းလင်းပြီးပါက စာချုပ်ပါ ငှားရမ်းထားသော မြေနှင့်အဆောက်အဦ များကို အငှားချထားသူ၏ ပိုင်ဆိုင်မှုသို့ လက်ဝယ်ပြန်လည်အပ်နှံရောက်ရှိစေရမည်။

ပြန်လည်ဝင်ရောက်ပိုင်ခွင့်

၂၆။ အငှားချထားခြင်းခံရသူသည် စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်(သို့) လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် အငှားချထားသူကယင်းကဲ့သို့ပျက်ကွက်မှုများကို ပြုပြင်ရန်(သို့) လိုက်နာရန် အငှားချထားခြင်းခံရသူသို့ အကြောင်းကြားစာပေးပို့ပြီးနောက် အကြောင်းကြားစာပါ ကာလအတွင်းလိုက်နာမှုမရှိပါက အငှားချထားသူသည် အငှားချထားသည့် မြေနှင့်အဆောက်အဦများကို ပြန်လည်ဝင်ရောက် လက်ဝယ်ရယူခွင့်ရှိသည်။ ယင်းသို့ဝင်ရောက်၍ လက်ရောက် ရယူခြင်းသည် အငှားချထားသူက အငှားချထားခြင်းခံရသူထံမှ ရရန်ရှိသော (သို့မဟုတ်)ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုခွင့်ကို ထိခိုက်ခြင်း မရှိစေရ။

၂၇။ ဤစာချုပ်တွင်ပါရှိသော မြေပုံနှင့်နောက်ဆက်တွဲများသည် စာချုပ်၏တစ်စိတ် တစ်ဒေသ ဖြစ်သည်။

စာချုပ်ပြန်လည်ညှိနှိုင်းခြင်း

၂၈။ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းလိုအပ်ချက်အရ (သို့မဟုတ်)ဤစာချုပ်တွင် မပါရှိသည့် ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် စာချုပ်ကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းခွင့် ရှိစေရမည်။

၂၉။ Panda Textile Co.,Ltd. အနေဖြင့် ဈေးကွက်လိုအပ်ချက်အရ သင့်တော်သည့်အဆင့်မြင့်စက် စက်ကိရိယာများတပ်ဆင်ခြင်း၊ အရည်အသွေးမီထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရန်အတွက် စက်ရုံစီမံကိန်း အသစ်များ တည်ဆောက်အကောင်အထည်ဖော်ခြင်းများကို စီမံချက်ရေးဆွဲဆောင်ရွက်သွားပါမည်။

၃၀။ အထက်ဖော်ပြပါစည်းကမ်းချက်များကို သဘောတူလက်ခံပါသဖြင့် တစ်ဖက်ပါအသိသက်သေ အစုံအလင် ရှေ့မှောက်တွင် ၂၀၁၃ ခုနှစ်၊ မတ်လ(၂၉)ရက်နေ့၌ အငှားချထားသူနှင့် အငှားချ ထားခြင်းခံရသူတို့ လက်မှတ်ရေးထိုးကြပါသည်

ကန့်သတ်


၈

အငှားချထားသူ(ကိုယ်စား)	အငှားချထားခြင်းခံရသူ(ကိုယ်စား)
ဒေါက်တာချိုဝင်းမော် ဦးဆောင်ညွှန်ကြားရေးမှူး အထည်အလိပ်လုပ်ငန်း	ဒေါ်ရင်လီရင့်(ခေါ်) ဒေါ်လီလီစမ်း Managing Director Panda Textile Co.,Ltd.

အသိသက်သေများ

ဦးအောင်မျိုးမြင့် ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး) အထည်အလိပ်လုပ်ငန်း	ဒေါ်စန်းစန်းအေး Director Panda Textile Co.,Ltd.
ဒေါ်ခင်မြင့်သိ ညွှန်ကြားရေးမှူး အထည်အလိပ်လုပ်ငန်း	ဒေါ်ခင်ခင်အေး Director Panda Textile Co.,Ltd.
ဒေါ်မြတ်မြတ်ခိုင် လက်ထောက်အထွေထွေမန်နေဂျာ အမှတ်(၁)အထည်စက်ရုံခွဲ(မရမ်းကုန်း)	ဦးစိန်ဝင်း General Manager Panda Textile Co.,Ltd.

အင်းစိန်အထည်စက်ရုံအမှတ်(၁၁)



စက်မှုဝန်ကြီးဌာန

အထည်အလိပ်လုပ်ငန်း

နှင့်

Panda Textile Co.,Ltd.

တို့

ချုပ်ဆိုသော

အင်းစိန်အထည်စက်ရုံခွဲအမှတ်(၁၁)၏ မြေနှင့်အဆောက်အဦ အား ငှားရမ်းသည့် သဘောတူစာချုပ်

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ မေလ (၃၀) ရက်

အထည်အလိပ်လုပ်ငန်းနှင့် Panda Textile Co.,Ltd. တို့ ချုပ်ဆိုသော အင်းစိန်အထည်စက်ရုံခွဲအမှတ်(၁၁)အား ငှားရမ်းသည့် သဘောတူစာချုပ်ကို ပထမအကြိမ် ပြင်ဆင်သည့်ပြင်ဆင်ချက်သဘောတူစာချုပ်

ဤပြင်ဆင်ချက် သဘောတူစာချုပ်ကို နေပြည်တော်တွင် ၂၀၁၄ခုနှစ်၊မေလ(၃၀) ရက်နေ့၌ ဦးခင်မောင်တင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန (နောင်တွင် "အငှားချထားသူ"ဟု ခေါ်တွင်စေပြီး၊ ယင်းဖော်ပြချက်တွင် အဆိုပါလုပ်ငန်းအား ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခံရသူများပါဝင်သည်) က တစ်ဖက်

နှင့်

ဒေါ်ရင်လီရင့်(ခေါ်)ဒေါ်လီလီစမ်း နိုင်ငံသားမှတ်ပုံတင်အမှတ်၊(၁၃/မဆတ(ပြု)၀၀၀၀၅၂) ကိုယ်စားပြုသော Panda Textile Co.,Ltd. ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ဗိုလ်ရာညွှန့်လမ်း၊ အမှတ်(၁၈)A၊အခန်း(၃/၄)(နောင်တွင်"အငှားချထားခြင်းခံရသူ"ဟု ခေါ်တွင်စေပြီး၊ယင်းစကားရပ်တွင် ၎င်းအား ဆက်ခံသူများ၊တရားဝင်ကိုယ်စားလှယ်နှင့် ဥပဒေအရ လွှဲအပ်ခံရသူများ ပါဝင်သည်)က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်ကို သတ်မှတ်၍ နှစ်ဦး သဘောတူစာချုပ်ချုပ်ဆိုကြပါသည်-

(က) အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့အကြားအင်းစိန်အထည် စက်ရုံခွဲအမှတ်(၁၁)ငှားရမ်းသဘောတူစာချုပ်ကို ၂၀၁၃ခုနှစ်၊ မတ်လ(၂၉)ရက်နေ့တွင် ချုပ်ဆိုသောနှစ်ဦးသဘောတူစာချုပ်(နောင်တွင် "မူလစာချုပ်"ဟု ခေါ်တွင်ရမည်ဖြစ်သည်) ချုပ်ဆို၍ ငှားရမ်းခဲ့သည်ကတစ်ကြောင်း၊

(ခ) စာချုပ်ပြင်ဆင်ခွင့်ကို စက်မှုဝန်ကြီးဌာန၏ ၂၉.၄.၂၀၁၄ ရက်စွဲပါစာအမှတ် ၂၃-စမ(၂)/၂၀၁၄-၂၀၁၅ (၃၃၈)ဆုံးဖြတ်ချက်အရတစ်ကြောင်း၊

(ဂ) မူလစာချုပ် အပိုဒ်(၂၂) စာချုပ်ပြင်ဆင်ခြင်းတွင် စာချုပ်အား နှစ်ဦးနှစ်ဖက် တရားဝင်စာဖြင့် သဘောတူချက်နှင့် စက်မှုဝန်ကြီးဌာနသို့ အတည်ပြုချက်ရယူပြင်ဆင် ဖြည့်စွက် နိုင်သည်ဟု ဖော်ပြထားသည်ကတစ်ကြောင်း

(ဃ) မူလစာချုပ်ပါ အချို့စည်းကမ်းချက်များအား ထပ်မံဖြည့်စွက်လိုခြင်းနှင့် အစားထိုးပြင်ဆင်လိုခြင်းတို့ကြောင့်တစ်ကြောင်း အောက်ပါစည်းကမ်းချက်များနှင့်အညီ ဤပြင်ဆင်ချက် သဘောတူစာချုပ်ကို ချုပ်ဆိုခြင်း ဖြစ်ပါသည်-

-၂-

၁။ မူလစာချုပ်၏ ငှားရမ်းမည့်အချိန်ကာလ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၃)အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုး ပြင်ဆင်ရမည်-

၃။ ငှားရမ်းမည့် အချိန်ကာလမှာ နှစ်(၃၀)(၁.၄.၂၀၁၃)မှ (၃၁.၃.၂၀၄၃)ထိဖြစ်သည်။ ဆက်လက် ငှားရမ်းလိုပါက (၁)ကြိမ်လျှင် (၁၀)နှစ်ဖြင့် (၂)ကြိမ်သက်တမ်းတိုးခြင်းကို စာချုပ် ပြင်ဆင်ချုပ် ဆိုရန်ဖြစ်သည်။

၂။ မူလစာချုပ်၏စာချုပ်သက်တမ်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၄)အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုး ပြင်ဆင်ရမည်-

၄။ ပထမ(၃၀)နှစ် စာချုပ် သက်တမ်းသည် (၁.၄.၂၀၁၃)မှ (၃၁.၃.၂၀၄၃)ထိဖြစ်သည်။ စာချုပ်သက်တမ်း(၃၀)နှစ်ပြည့်ပြီးနောက်ထပ် စာချုပ်ကို(၁၀)နှစ် နှစ်ကြိမ် သက်တမ်း တိုး ဆောင်ရွက်ပြီး ဆက်လက်ချုပ်ဆိုနိုင်သည်။

၃။ မူလစာချုပ်၏ ငှားရမ်းခပေးချေခြင်းခေါင်းစဥ်အောက်ရှိ အပိုဒ်(၈)တွင် အောက်ပါ စည်းကမ်းချက်အား ထပ်မံဖြည့်စွက် ဖော်ပြရမည်-

တံဆိပ်ခေါင်းအက်ဥပဒေအရ ပျမ်းမျှနှစ်စဥ် ငှားရမ်းခ၏ ၃% အား တံဆိပ်ခေါင်းခွန် အဖြစ် အငှားချထား ခြင်းခံရသူမှ ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် စတင်ငှားရမ်းသည့် တစ်နှစ်ငှားရမ်းခ၏ ၃%အား နှစ်ရှည်ငှားရမ်းစဥ်ကာလအတွင်း တစ်ကြိမ်သာ ပေးသွင်းရမည်။

၄။ မူလစာချုပ်၏ အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၀) အပိုဒ်ခွဲ (က)(ခ)နှင့်(ဆ)တို့အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်အား အပိုဒ်ခွဲ(က)အဖြစ် အစားထိုးပြင်ဆင်ရမည်-

(က) အငှားချထားခြင်းခံရသူသည် အထည်အလိပ်လုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် တည်ဆဲဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ အားလုံးကို လုပ်ကိုင်နိုင်ခွင့်ရှိသည်။

၅။ မူလစာချုပ်၏ အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၀) အပိုဒ်ခွဲ(င) တွင် ဖော်ပြထားသည့် အောက်ပါစာသားများအား ပယ်ဖျက်ရန် သဘောတူ ပါသည်-

ပေးဆောင်ထားသည့် အခွန်အခပြေစာ အထောက်အထားများအား အငှားချထား သူထံ လစဥ်ပေးပို့ရမည်။

၆။ မူလစာချုပ် အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၀) အပိုဒ်ခွဲ (ဇ)အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်ခွဲဖြင့် အစားထိုး ပြင်ဆင်ရမည်-

(ဇ) အငှားချထားသည့် နိုင်ငံပိုင် မြေနှင့်အဆောက်အဦများကို ပေါင်နှံခြင်း၊ ရောင်းချခြင်း အစရှိသည်တို့ကို လုံးဝမပြုလုပ်ရ၊ ငှားရမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက် ရာတွင် အထောက်အကူပြုစေရန်အတွက်လည်းကောင်း၊ ဒေသ ဖွံ့ဖြိုးရေးအတွက်

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် လည်း ကောင်း၊ အငှားချထားခြင်းခံရသည့် မြေဧရိယာအတွင်းလုပ်ငန်းများ တိုးချဲ့ လုပ်ဆောင် ခြင်း၊ ဖက်စပ်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ အခြားပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံ နိုင်သော လုပ်ငန်းကျွမ်းကျင်သည့် စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ လုပ်ငန်း ဆောင်ရွက်စေခြင်းများလုပ်ဆောင်နိုင်သည်။

၇။ မူလစာချုပ်၏အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၀)တွင် အပိုဒ်ခွဲ(ဂ)အား အပိုဒ်ခွဲ(ခ)အဖြစ်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)အား အပိုဒ်ခွဲ(ဂ) အဖြစ်လည်းကောင်း၊အပိုဒ်ခွဲ(င)အား အပိုဒ်ခွဲ(ဃ)အဖြစ်လည်းကောင်း၊အပိုဒ်ခွဲ(စ)အား အပိုဒ်ခွဲ(င) အဖြစ်လည်းကောင်း၊အပိုဒ်ခွဲ(ဇ)အား အပိုဒ်ခွဲ(စ)အဖြစ်လည်းကောင်း၊ အပိုဒ်ခွဲ(ဈ)အား အပိုဒ်ခွဲ(ဆ) အဖြစ်လည်းကောင်း၊အပိုဒ်ခွဲ(ည)အား အပိုဒ်ခွဲ(ဇ)အဖြစ်လည်းကောင်း၊ အပိုဒ်ခွဲ(ဋ)အား အပိုဒ်ခွဲ(ဈ) အဖြစ်လည်းကောင်း၊ အပိုဒ်ခွဲ(ဌ)အား အပိုဒ်ခွဲ(ည)အဖြစ်လည်းကောင်း၊အပိုဒ်ခွဲ(ဍ)အား အပိုဒ်ခွဲ(ဋ) အဖြစ်လည်းကောင်း၊ အပိုဒ်ခွဲ (ပ)အား အပိုဒ်ခွဲ(ဌ)အဖြစ်လည်းကောင်း အစားထိုး ပြင်ဆင်ရမည်။

၈။ မူလစာချုပ်၏အငှားချထားသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၁) အပိုဒ်ခွဲ (က)တွင် အောက်ပါစာသားများ ထပ်မံဖြည့်စွက် ဖော်ပြရမည်-

အငှားချထားခြင်းခံရသူအား အငှားချထားသည့် မြေနှင့်အဆောက်အဦကို အသုံးပြု၍ တည်ဆဲဥပဒေနှင့် ညီညွတ်သော လုပ်ငန်းအားလုံးကို လုပ်ဆောင်ခွင့် ပေးရမည်။

၉။ မူလစာချုပ်၏ သယံဇာတပစ္စည်းဆိုင်ရာကိစ္စခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၆)အား ပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့်အစားထိုး ပြင်ဆင်ရမည်-

၁၆။ ဤငှားရမ်းကာလသက်တမ်းအတွင်း ယခုလုပ်ငန်းဆောင်ရွက်သည့် မြေ၏ မြေပေါ် မြေအောက်မှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ရေနံဓါတုဆိုင်ရာပစ္စည်းများ၊ သဘာဝ သယံဇာတပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများ၊ကျောက်မျက်ရတနာများ အစရှိသည်တို့ တွေ့ရှိလျှင် ထိုပစ္စည်းများကို အငှားချထားသူက ပိုင်ဆိုင် ရမည့်အပြင် ထိုပစ္စည်းများကို နိုင်ငံတော်အစိုးရ အဖွဲ့အစည်းသို့ လွှဲပြောင်းတင်ပြရမည်။အငှားချထားသူသည် အဆိုပါသယံဇာတပစ္စည်းများကို မည်သည့်အချိန်တွင်မဆို လွတ်လပ်စွာ တူးဖော်ပိုင်ခွင့်ရှိစေရမည်။ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အငှားချထားခြင်းခံရသူ ဆောင်ရွက်နေသည့် လုပ်ငန်းများ အဆောက်အဦများ လုပ်ငန်းထိခိုက်နစ်နာမှု မရှိ စေရန်နှင့် ဆုံးရှုံးမှုမရှိစေရန် နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဆောင်ရွက်သွားရမည်။

၁၀။ မူလစာချုပ်၏ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း ခေါင်းစဉ်အောက်ရှိ အပိုဒ်ခွဲ(၁၇)နှင့် အပိုဒ်ခွဲ(၁၈) အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

၁၇။အငှားချထားခြင်းခံရသူသည် ငှားရမ်းခြင်းကာလ ကုန်ဆုံးသည့်အခါတွင်ဖြစ်စေ၊ ငှားရမ်းခြင်းရပ်စဲသည့်အခါတွင်ဖြစ်စေ၊ အငှားချထားသည့် မြေနှင့် အဆောက်အဦများကို နှစ်ဖက်ညှိနှိုင်း၍ ပြန်လည်လွှဲပြောင်း ပေးအပ်ရမည်။ထိုသို့ လွှဲပြောင်းအပ်နှံချိန်တွင် စက်ရုံနယ်မြေပေါ်ရှိ လုပ်ငန်းများ၌ရှိမည့် အလုပ်သမားများအတွက် အငှားချထားခြင်းခံရသူ မနစ်နာစေရန် နှစ်ဘက်ညှိနှိုင်း ဆောင်ရွက်ရမည်။ အငှားချထားသည့် မြေ၊ အဆောက်အဦ နှင့် စက်ကိရိယာ တိုးချဲ့မှု များအားလုံးတွင် မရွှေ့မပြောင်းနိုင်သော အဆောက်အဦများသည် ငှားရမ်းခြင်း ကာလ ကုန်ဆုံးသည့်အချိန်တွင် ငှားရမ်းခြင်းခံရသူမှ နစ်နာဆုံးရှုံးမှုမရှိစေရန် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်သွား ရန်ဖြစ် သည်။ သို့သော် အငှားချထားခြင်းခံရသူမှ တပ်ဆင်ထားသည့် ပြန်လည်ဖြုတ်ယူသွားနိုင်သည့် ပစ္စည်းများကိုမူ ပြန်လည် ဖြုတ်ယူသွားနိုင်သည်။

၁၁။ မူလစာချုပ်၏ "စာချုပ်အတည်ဖြစ်ခြင်း"ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၁)အား ပယ်ဖျက်၍ အောက်ပါ စာပိုဒ် ဖြင့် အစားထိုး ပြင်ဆင်ရမည်-

၂၁။ ဤစာချုပ်သည် အငှားချထားသူနှင့်အငှားချထားခြင်းခံရသူတို့ လက်မှတ်ရေးထိုးပြီးသည့်နေ့မှ စ၍ အတည်ဖြစ်သည်။ ဤစာချုပ်၌ ဖော်ပြထားသည့် ရက်စွဲများအတိုင်း စာချုပ်ပါ အခွင့်အရေးများ အားလုံးအတည်ဖြစ်သည်။ နိုင်ငံတော်၏ မူဝါဒရေးရာအရ လက်ရှိပိုင်ဆိုင်သူ မည်သို့ပင်ပြောင်းစေကာမူ ဤစာချုပ်သည် အတည်ဖြစ်သည်။

၁၂။ မူလစာချုပ် "စာချုပ်ရပ်စဲခြင်း"ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၅)အပိုဒ်ခွဲ(က)(၁)နှင့်အပိုဒ်ခွဲ(က)(၂)တို့အား ပယ်ဖျက်၍ အောက်ပါ စာပိုဒ်များဖြင့် အစားထိုး ပြင်ဆင်ရမည်-

(က)(၁) မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်လာခြင်းကြောင့် အငှားချထားသည့် မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦများ ပျက်စီးဆုံးရှုံး သွား၍ အငှားချထားခြင်းခံရသူက လုပ်ငန်းဆက်လက် ဆောင်ရွက်ရန် မဖြစ်နိုင် တော့ခြင်းဟုတင်ပြလာခြင်း။

(က)(၂) အငှားချထားခြင်းခံရသူသည် စာချုပ်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဆောင်ရွက်ရန်(သို့မဟုတ်)လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် အငှားချထားသူက ယင်းကဲ့သို့ပျက်ကွက်မှုများကိုပြုပြင်ရန်(သို့မဟုတ်)လိုက်နာရန်အငှားချထားခြင်းခံရသူသို့ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့်နောက်ဆုံးအကြိမ် အကြောင်းကြားစာ ပေးပို့ ပြီးနောက် အကြောင်းကြားစာပါကာလအတွင်း လိုက်နာရန်ပျက်ကွက်ခြင်း။

၁၃။ မူလစာချုပ်၏ "စာချုပ်ရုပ်စဲခြင်း" ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၅) အပိုဒ်ခွဲ(က)(၅)နှင့် အပိုဒ်ခွဲ(ခ)အားပယ်ဖျက်၍ အပိုဒ်ခွဲ(က)(၅) အဖြစ် အစားထိုး ပြင်ဆင်ရမည်-

(က)(၅) နှစ်ဖက်သဘောတူ စာချုပ်ရုပ်စဲခြင်း (ဤစကားရပ်တွင် အငှားချထားခြင်းခံရသူသည် စတင်လွှဲပြောင်းရယူသည့် (၁.၄.၂၀၁၃) ရက်နေ့မှစာချုပ်ပြင်ဆင်ချိန်အထိ တစ်နှစ်တာကာလအတွင်း ကနဦးလည်ပတ်စဉ် ကာလတွင် ကြီးမားသည့် ဆုံးရှုံးမှုနှင့် ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုများဖြင့် လည်ပတ်ရသည့်အတွက် အငှားချထားခြင်း ခံရသူ နစ်နာမှုမရှိစေရန် ငှားရမ်းစာချုပ်သက်တမ်းကို စတင် ငှားရမ်းသည့် (၁.၄.၂၀၁၃) ရက်နေ့မှ တစ်ဆက်တည်း နှစ်ပေါင်း(၃၀)နှစ်၊ တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် (၂)ကြိမ် သက်တမ်းတိုး၍ ငှားရမ်းခွင့်ပြုမည်ဖြစ်ကြောင်း၊ မည်သို့သော အကြောင်းကိစ္စနှင့်ဖြစ်စေ ငှားရမ်းစာချုပ်အား အငှားချထားခြင်းခံရသူ၏ သဘောတူညီချက်မပါရှိဘဲ ပျက်ပြယ်ခွင့်မရှိကြောင်းနှစ်ဖက် သဘောတူပါသည်။)

၁၄။ မူလစာချုပ်၏ "စာချုပ်ရုပ်စဲခြင်း" ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၅) အပိုဒ်ခွဲ(ဂ)အားပယ်ဖျက်၍ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါ စာပိုဒ်အား အစားထိုး ပြင်ဆင်ရမည်-

(ခ) အထက်ပါ စည်းကမ်းချက်များအနက် စည်းကမ်းချက်တစ်ခုခုကြောင့် အငှားချထားခြင်းခံရသူမှ စာချုပ်ရုပ်စဲလိုပါက စက်မှုဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရရှိမှသာ အကျိုးသက် ရောက်မှုရှိစေရမည်။

၁၅။ မူလစာချုပ်၏ "စာချုပ်ရုပ်စဲခြင်း"ခေါင်းစဉ်အောက်ရှိ အပိုဒ်ခွဲ(ဃ)အား အပိုဒ်ခွဲ(ဂ)အဖြစ် အစားထိုးပြင်ဆင်ရမည်။

၁၆။ မူလစာချုပ်၏ "ပြန်လည်ဝင်ရောက်ပိုင်ခွင့်" ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၆) အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

၂၆။ အငှားချထားခြင်းခံရသူသည် စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်(သို့မဟုတ်)လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် အငှားချထားသူက ယင်းကဲ့သို့ ပျက်ကွက်မှုများကို ပြုပြင်ရန် (သို့မဟုတ်)လိုက်နာရန် အငှားချထားခြင်းခံရသူသို့ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် အကြောင်းကြားစာပေးပို့ပြီးနောက် အကြောင်းကြားစာပါကာလအတွင်း လိုက်နာမှု မရှိပါက၊ အငှားချထားသူသည် အငှားချထားသည့် မြေနှင့်အဆောက်အဦများကို ပြန်လည်ဝင်ရောက်လက်ဝယ်ရယူခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အငှားချထားခြင်း ခံရသူဆောင်ရွက်နေသောလုပ်ငန်းများ၊ အလုပ်သမားများထိခိုက်နစ်နာဆုံးရှုံးမှုများ အတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်သည်။

-၆-

၁၇။ ဤပြင်ဆင်ချက် သဘောတူစာချုပ်နှင့် ပူးတွဲပါ နောက်ဆက်တွဲတို့သည် မူလစာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။

၁၈။ ဤ ပြင်ဆင်ချက် သဘောတူစာချုပ်ပါ ပြင်ဆင် ပြောင်းလဲသည့် စည်းကမ်းချက်မှအပ မူလစာချုပ်ပါ ကျန်စည်းကမ်းချက်များသည် ပြောင်းလဲမှုမရှိစေဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိစေရမည်။

၁၉။ ဤပြင်ဆင်ချက် သဘောတူစာချုပ်သည်နှစ်ဖက်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

အထက်ဖော်ပြပါ စည်းကမ်းချက်များကို သဘောတူလက်ခံပါသဖြင့် အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် ၂၀၁၄ခုနှစ်၊ မေလ(၃၀)ရက်နေ့တွင် လက်မှတ်ရေးထိုးကြပါသည်။

အငှားချထားသူ(ကိုယ်စား)	အငှားချထားခြင်းခံရသူ(ကိုယ်စား)
30/4 30/05/14	
ဦးခင်မောင်တင့်	ဒေါ်ရင်လီရင့်(ခ)ဒေါ်လီလီစမ်း
ဦးဆောင်ညွှန်ကြားရေးမှူး	Managing Director
အထည်အလိပ်လုပ်ငန်း	Panda Textile Co.,Ltd.

<u>အသိသက်သေများ</u>

	30/4
ဦးသိန်းလွင်	ဦးဥာဏ်အောင်
ညွှန်ကြားရေးမှူး(စီမံရေးဌာန)	ရုံးအဖွဲ့မှူး
အထည်အလိပ်လုပ်ငန်း	Panda Textile Co.,Ltd.

ဒေါ်ခင်ခင်ချို
ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)
အထည်အလိပ်လုပ်ငန်း


ဒေါ်ကေသန္တာဝင်း
အတွင်းရေးမှူး
Panda Textile Co.,Ltd.

ဦးဝင်းအောင်
ညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး)
အထည်အလိပ်လုပ်ငန်း

ဦးလှထွန်း
မန်နေဂျာ
Panda Textile Co.,Ltd.

ဦးအောင်မျိုးမင်း
ညွှန်ကြားရေးမှူး(ရောင်းချဖြန့်ဖြူးရေး)
အထည်အလိပ်လုပ်ငန်း

ဦးအောင်မောင်ဦး
ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး)
အထည်အလိပ်လုပ်ငန်း


42'

Panda Textile Co.,Ltd

နှင့်

Wedge Garment Co.,Ltd

တို့ချုပ်ဆိုသော

အင်းစိန် အထည်စက်ရုံခွဲအမှတ် (၁၁)၏ မြေနှင့် အဆောက်အဦအား

ထပ်ဆင့်ငှားရမ်းသည့် သဘောတူစာချုပ်

ဤထပ်ဆင့်ငှားရမ်းသည့် သဘောတူစာချုပ် (နောင်တွင် ထပ်ဆင့် အငှားစာချုပ်ဟုခေါ်တွင်စေရမည်)

ရန်ကုန်မြို့တွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ (------) ရက်နေ့၌

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပိုလ်ရာညွှန့်လမ်း၊ အမှတ် (၁၈) A၊ အခန်း(၃/၄) နေဒေါ်ရင်လီရင့် (ခေါ်) ဒေါ်လီလီစမ်း နိုင်ငံသားမှတ်ပုံတင်အမှတ် (၁၃/မဆတ(ပြု) ၀၀၀၀၅၂) ကိုယ်စားပြုသော Panda Textile Co.,Ltd (နောင်တွင် "ထပ်ဆင့်အငှားချထားသူ" ဟုခေါ်တွင်စေပြီးယင်းစကားရပ်တွင် ၎င်းအား ဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များ နှင့် ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က တစ်ဖက်နှင့်

Ms. Jinxia Li (Republic of China Passport No. G41605547 ကိုင်ဆောင်သူ) ကိုယ်စားပြုသည့် ရန်ကုန်တိုင်းဒေသကြီး ၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်အထည် စက်ရုံခွဲအမှတ် (၁၁) တွင်တည်ရှိသော Wedge Garment Co.,Ltd (နောင်တွင် 'ထပ်ဆင့်အငှားချထားခြင်းခံရသူ'ဟုခေါ်တွင်စေပြီး၊ ယင်းစကားရပ်တွင် ၎င်းအား ဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များ နှင့် ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) အခြားတစ်ဖက်တို့သည် အောက်ပါ စည်းကမ်းချက်များကိုသတ်မှတ်၍ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုကြပါသည်။

ဤတွင် 'ထပ်ဆင့် အငှားချထားသူ'သည် နောက်ဆက်တွဲတွင် အသေးစိတ် ဖော်ပြထားသောမြေနှင့် အဆောက်အဦများကိုစက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း (နောင်တွင် 'အငှားချထားသူ' ဟုခေါ်တွင်စေရမည်။) ထံမှ ၂၀၁၃ ခုနှစ်၊မတ်လ၊ (၂၉) ရက်နေ့စွဲပါ စာချုပ်နှင့် ၂၀၁၄ ခုနှစ်၊ မေလ (၃၀) ရက် နေ့စွဲပါ ပြင်ဆင်ဖြည့်စွက်ထားသည့်စာချုပ်တို့ (မူလစာချုပ်နှင့် ပြင်ဆင်ဖြည့်စွက် ချက် များကိုပေါင်း၍ နောင်တွင် အငှားစာချုပ်ဟုခေါ်တွင် စေရမည်ဖြစ်ပြီးနောက်ဆက်တွဲဖြင့် ဖော်ပြထား ပါသည်။) အရငှားယူထားသဖြင့် လည်းကောင်း

ဤတွင် 'ထပ်ဆင့် အငှားချထားသူ' နှင့် စက်မှု ဝန်ကြီးဌာန၊ အထည်အလိပ် လုပ်ငန်းတို့ ၂၀၁၄ ခုနှစ် မေလ (၃၀)ရက်နေ့စွဲပါ ပြင်ဆင်ဖြည့်စွက်သည့် စာချုပ်အရ'ထပ်ဆင့် အငှားချထားသူ' မှ ပြည်တွင်း/ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ဆောင်ရွက်နိုင်ခွင့်ရှိသည့်အလျောက် 'ထပ်ဆင့် အငှားချထားသူ'မှ တရုတ်နိုင်ငံ Wuhan Kingsrich International Trading Co.,Ltdနှင့် ဖက်စပ် ကုမ္ပဏီ Wedge Garment Co.,Ltdကိုဖွဲ့စည်း၍ ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ လျှောက်ထားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ 'ထပ်ဆင့်အငှားချထားသူ' နှင့် 'ထပ်ဆင့်အငှားချထားခြင်းခံရသူ'တို့ Sub Lease Agreement ချုပ်ဆိုရန် ညွှန်ကြားသဖြင့် လည်းကောင်း၊ စာချုပ်ပါ အဖွဲ့အစည်းများသည် အောက်ပါ အတိုင်းသဘောတူစာချုပ်ဆိုကြပါသည်။

အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း

၁။ 'ထပ်ဆင့်အငှားချထားသူ'သည် နောက်ဆက်တွဲတွင် အသေးစိတ် ဖော်ပြထားသောမြေနှင့် အဆောက်အဦများကိုစက်မှု ဝန်ကြီးဌာန၊ အထည်အလိပ် လုပ်ငန်းထံမှ ၂၀၁၃ ခုနှစ်၊ မတ်လ၊(၂၉) ရက်နေ့စွဲပါ စာချုပ်နှင့် ၂၀၁၄ ခုနှစ်၊ မေလ (၃၀) ရက် နေ့စွဲပါ ပြင်ဆင်ဖြည့်စွက်ထားသည့် စာချုပ်တို့ အရထပ်ဆင့်အငှားချထားခွင့်ရှိပြီး'ထပ်ဆင့်အငှားချထားခြင်းခံရသူ'သည် စာချုပ်ကိုအကောင်အထည်ဖော်ရန် ငွေကြေးပြည့်စုံပြီးစာချုပ်ပါ လုပ်ငန်းကိုလုပ်ကိုင်ခွင့်ရှိသူဖြစ်သည်။ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူများသည် ဤစာချုပ်တွင် လက်မှတ် ရေးထိုးရန် အခွင့်အာဏာ ရှိသူများ ဖြစ်ကြောင်းကို အသီးသီး အာမခံကြပါသည်။

'ထပ်ဆင့် အငှားချထားခြင်းခံရသူ' မှ အောက်ပါ အချက်များကို အာမခံပါသည်။

(က) 'ထပ်ဆင့် အငှားချထားခြင်းခံရသူ' ဤထပ်ဆင့် အငှားစာချုပ်သည် မူလအငှားစာချုပ်အပေါ်တွင် အခြေခံကြောင်းအသိအမှတ်ပြုပါသည်။

(ခ) 'ထပ်ဆင့် အငှားချထားခြင်းခံရသူ' မှ 'ထပ်ဆင့် အငှားချထားသူ' အငှားစာချုပ်အရ လိုက်နာ ဆောင်ရွက်ရမည့် အချက်များအားလုံးကို လိုက်နာ ဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်။

(ဂ) 'ထပ်ဆင့် အငှားချထားခြင်းခံရသူ' ပျက်ကွက်မှုကြောင့် 'ထပ်ဆင့် အငှားချထားသူ' မှ အငှားစာချုပ်အရ ဖြစ်ပေါ်လာမည့် ကိစ္စအရပ်ရပ်ကို ငွေကြေးအပါအဝင် 'ထပ်ဆင့် အငှားချထားခြင်းခံရသူ' မှ တာဝန်ယူပါသည်။

အငှားချထားမည့် ပစ္စည်းများ

၂။ 'ထပ်ဆင့် အငှားချထားခြင်းခံရသူ' သည် အောက်ပါ မြေနှင့် အဆောက်အဦများကို 'ထပ်ဆင့် အငှားချထားသူ' ထံမှ ငှားရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

(က)	စက်ရုံအမည် နှင့် တည်နေရာ -	အင်းစိန်အထည်စက်ရုံအမှတ် (၁၁) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူရပ်ကွက်၊
(ခ)	မြေ (ဧက)	၂.၃ ဧက
(ဂ)	အဆောက်အဦ	နောက်ဆက်တွဲ (ခ)

ငှားရမ်းမည့် အချိန်ကာလ

၃။ ငှားရမ်းမည့် အချိန်ကာလမှာ (၁၀) နှစ် ဖြစ်ပြီး ၂၀၁၄ခုနှစ်၊--------------လ၊ (-----) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ -------- လ၊ (-------) ရက်နေ့အထိ ဖြစ်ပါသည်။

၄။ သဘောတူစာချုပ်၏ သက်တမ်းသည် ၂၀၁၄ ခုနှစ်၊ -------------လ၊ (-----) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ --------လ၊ (------) ရက်နေ့အထိ (၁၀) နှစ် ဖြစ်ပါသည်။ စာချုပ်သက်တမ်းတိုးများဆောင်ရွက်ရာတွင် စက်မှု ၀န်ကြီးဌာနသို့ တင်ပြ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။

ငှားရမ်းခနှုန်း

၅။ ငှားရမ်းခနှုန်းမှာတစ်နှစ်လျှင် ကျပ် (51.74) သန်း (ကျပ် ငါးဆယ့်တစ် ဒသမ ခုနစ်လေး သန်း) သို့မဟုတ် အငှားစာချုပ်တွင် အားလျော်စွာ ပြင်ဆင်သည့် အတိုင်းဖြစ်သည်။

ငှားရမ်းခပေးချေခြင်း

၆။ တစ်နှစ်ငှားရမ်းခ ကျပ် (51.74) သန်း (ကျပ် ငါးဆယ့်တစ် ဒသမ ခုနစ်လေး သန်း) အား (၄) ရစ်ခွဲ၍ အငှားချထားသူသို့ ပေးချေရပါမည်။ (၃)လအတွက် ငှားရမ်းခကျသင့်ငွေ ကျပ် (12.94) သန်း (ကျပ် တစ်ဆယ့်နှစ် ဒသမ ကိုးလေးသန်း) ကို (၃) လ လျှင် တစ်ကြိမ် ပေးသွင်းရမည်။ (၃) လ အတွက် ငှားရမ်းခကိုပထမလအတွင်းကြိုတင်ပေးသွင်းရမည်။တံဆိပ်ခေါင်းအက်ဥပဒေအရငှားရမ်းခငွေ ပမာဏ တန်ဖိုး ၏ (၃)% အားတံဆိပ်ခေါင်းခွန် အဖြစ် ထပ်ဆင့် အငှားချထားခြင်းခံရသူမှ ကျခံရမည်။

အငှားစာချုပ်တွင် နှစ်စဉ် ငှားရမ်းခ ပြင်ဆင်သတ်မှတ်သည့်အခါ၊ ယင်းပြင်ဆင် သတ်မှတ်သည့် ငှားရမ်းခအတိုင်းထပ်ဆင့်အငှားချထားခြင်းခံရသူမှ ပေးချေရမည်။

နောက်ကျပေးသွင်းခြင်း

၇။ 'ထပ်ဆင့် အငှားချထားခြင်းခံရသူ' သည်စက်ရုံငှားရမ်းခကို (၃) လ တစ်ကြိမ် ပထမလအတွင်း ပေးသွင်းရန် ပျက်ကွက်ပါက(၃) လအတွက် ငှားရမ်းခ၏ ၁% ကို တစ်ပတ်နောက်ကျတိုင်းဒဏ်ကြေးအဖြစ် အငှားချထားသူ သို့ပေးသွင်းရမည်။

ထပ်ဆင့်အငှား ချထားခြင်းခံရသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ 'ထပ်ဆင့် အငှားချထားခြင်းခံရသူ' ၏တာဝန် နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်ပါသသည်။

(က) မြေနှင့်အဆောက်အဦများကို နောက်ဆက်တွဲပါ အတိုင်း ငှားရမ်းဆောင်ရွက်ရမည်။

(ခ) ထပ်ဆင့်အငှားချထားသည့်အဆောက်အဦများအား လိုအပ်သည့် ပြင်ဆင် မွမ်းမံခြင်းများကိုဆောင်ရွက်ရမည်။

(ဂ) ထပ်ဆင့်အငှားချထားသည့် စက်ရုံတွင် အသုံးပြုသောလျှပ်စစ်၊ ရေ၊ တယ်လီဖုန်း နှင့် ဆက်သွယ်ရေးဆိုင်ရာ အသုံးပြုကြေး နှင့် အခွန်အခများအား သတ်မှတ်ရက်အတွင်း အချိန်မီ ပေးဆောင်ရမည် ဖြစ်ပြီး၊ ပေးဆောင်ထားသည့် ပြေစာအထောက်အထား မိတ္တူများအား ထပ်ဆင့် အငှားချထားသူထံ လစဉ်ပေးပို့ရမည်

(ဃ) ထပ်ဆင့်အငှားချထားသည့် ပစ္စည်းများအားလုံးကို လျော်ကန် သင့်မြတ်သော သတိဂီရိယ ဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းထားရမည်။ လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို တည်ဆဲ ဥပဒေစည်းမျဉ်းများနှင့်အညီ သုံးစွဲပြီး မီးဘေးကာကွယ်ရေး အစီအမံများ လုံလောက်စွာ ထားရှိရမည်။

(င) ထပ်ဆင့်အငှားချထားသူ နှင့် အငှားချထားသူ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ အဆောက်အဦပိုင်းဆိုင်ရာ ပုံစံပြောင်းလဲ ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းများ မပြုလုပ်ရ။

(စ) ထပ်ဆင့်အငှားချထားသည့် ပစ္စည်းများကိုတဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ရောင်းချခြင်း၊ သို့မဟုတ် တနည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း၊အသုံးပြုခွင့်ပေးခြင်းစသည်တို့ လုံးဝ မပြုလုပ်ရ။

(ဆ) ထပ်ဆင့်အငှားချထားသည့် အဆောက်အဦများ၏ အခြေအနေများကိုစစ်ဆေးရန် လိုအပ်ပါက ထပ်ဆင့်အငှားချထားသူ(သို့မဟုတ်) အငှားချထားသူကနည်းလမ်းတကျ လုပ်ကိုင်ခွင့် ပေးအပ်ထားသော ကိုယ်စားလှယ်များကို ဝင်ရောက်ခွင့်ပြုရမည်။

(ဇ) ထပ်ဆင့်အငှားချထားသည့်ပစ္စည်းများနှင့် ပတ်သက်၍ မြေခွန်မှအပ စည်ပင်သာယာခွန် နှင့်အခြား အခွန်အခအမျိုးမျိုးကို ကျခံပေးဆောင်ရမည်။

(ဈ) ထပ်ဆင့် အငှားစာချုပ်သက်တမ်းကုန်သည့်အခါ ထပ်ဆင့်အငှားချ အဆောက်အဦများကို မူလ ငှားရမ်းစဉ်က အခြေအနေအတိုင်း ပြုပြင်မွမ်းမံထိန်းသိမ်းထားရမည်။သို့ရာတွင် အကျိုးအကြောင်း ဆီလျော်မှုရှိသော ပွန်းပဲ့ခြင်းများအတွက် ပြောင်းလဲမှုများကို ခွင့်ပြု လက်ခံနိုင်သည်။

(ည) ထပ်ဆင့်ငှားရမ်းရေး စာချုပ်သက်တမ်းကုန်ဆုံးသည့်နေ့မှ (၁၅) ရက်အတွင်း ထပ်ဆင့်အငှားချထားသူအား ထပ်ဆင့်အငှားချထားသည့် ပစ္စည်းအားလုံးကို ငှားရမ်းစဉ် အခြေအနေအတိုင်း အဖိုးစားနားမပါရှိဘဲ ထပ်ဆင့် အငှားချထားသူ၏ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ရမည်။

(ဋ) ထပ်ဆင့်အငှားချထားသည့်မြေနှင့် အဆောက်အဦတွင် တပ်ဆင်မှုများပုံစံ ပြောင်းလဲမှုနှင့်တိုးချဲ့မှုများ အားလုံးသည် ငှားရမ်းခြင်း စာချုပ်သက်တမ်းကုန်ဆုံးသည့် အချိန်တွင် အခကြေးငွေ ပေးရန် မလိုဘဲအငှားချထားသူပိုင် ပစ္စည်းများအလိုအလျောက် ဖြစ်လာရမည်။

(ဌ) ထပ်ဆင့် အငှားချထားသည့် စက်ရုံအတွက် အလုံးစုံအာမခံကို မြန်မာ့ အာမခံလုပ်ငန်း ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် အညီ ထားရှိရမည် ဖြစ်ပြီး၊ အာမခံသက်တမ်းကျော်လွန်မှု မရှိစေရေး တာဝန်ယူ ဆောင်ရွက်ရမည်။

(ဍ) ထပ်ဆင့်အငှားချထားသည့် မြေနှင့် အဆောက်အဦများတွင် ခွင့်ပြုထားသည့် လုပ်ငန်းမှအပ ဥပဒေ နှင့် မညီညွတ်သော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ပ) ဤသဘောတူ စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်း သက်ဆိုင်ရာ အစိုးရဌာန၊ အာဏာပိုင်အဖွဲ့အစည်းများထံမှ ရယူရန် လိုအပ်သော အတည်ပြုချက်များ၊ ခွင့်ပြုမိန့်များ ရရှိပြီးမှသာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် သတ်မှတ်ပါသည်။

(ဏ) ထပ်ဆင့်အငှားချထားခြင်းခံရသူ၏ ပေါ့ဆမှုကြောင့် ဆုံးရှုံးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အငှားချထားခြင်း ခံရသူမှ မူလငှားရမ်းစဉ် အနေအထားအတိုင်း ပြန်လည်ပြုပြင်ပေးခြင်း (သို့မဟုတ်) ပေးလျော်ခြင်းများ ဆောင်ရွက်ရမည်။

ထပ်ဆင့်အငှားချထားသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ထပ်ဆင့်အငှားချထားသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ထပ်ဆင့်အငှားချထားခြင်းခံရသူအား ထပ်ဆင့် အငှားချထားသည့် ပစ္စည်းများကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခွင့်ပေးရမည်။

(ခ) မြေနှင့်အဆောက်အဦများတွင် တပ်ဆင်ထားပြီးသော လျှပ်စစ်၊ ရေ၊ တယ်လီဖုန်းတို့ကိုထပ်ဆင့်အငှားချထားခြင်း ခံရသူအား ဆက်လက်အသုံးချခွင့်ပြုရမည်။ အသုံးပြုသော လျှပ်စစ်၊ ရေ၊ တယ်လီဖုန်း နှင့် ဆက်သွယ်ရေးဆိုင်ရာ အသုံးပြုကြေး

နှင့်အခွန်အခများအား ထပ်ဆင့် အငှားချထားခြင်း ခံရသူမှ လစဉ်အချိန်မီ ပေးဆောင်မှု ရှိ/မရှိ စီစစ်ရမည်။

(ဂ) ထပ်ဆင့်အငှားချထားသည့် မြေနှင့်အဆောက်အဦများ၏ အခြေအနေများကို နည်းလမ်းတကျ လုပ်ကိုင်ခွင့်ပေးအပ်ထားသော ကိုယ်စားလှယ်များ စေလွှတ်၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

(ဃ) ထပ်ဆင့်အငှားချထားသည့် စက်ရုံ၏ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် မီးထိုးဆီ နှင့် သဘာဝဓာတ်ငွေ့များ ရရှိရေးအတွက် သက်ဆိုင်ရာဌာန နှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(င) အငှားချထားသည့်စက်ရုံနှင့် သက်ဆိုင်သောအာမခံများ၏ အာမခံသက်တမ်းကျော်လွန်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(စ) လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားသား ကျွမ်းကျင်သူ ပညာရှင်များအား ခေါ်ယူ၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုရမည်။ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များအနေဖြင့် မြန်မာနိုင်ငံအတွင်း နေထိုင်စဉ်ကာလအတွင်း မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော ဥပဒေများကို လေးစားလိုက်နာရမည်။ ထပ်ဆင့် အငှားချထားခြင်းခံရသူက လာရောက်လုပ်ကိုင်သည့် နိုင်ငံခြားသား စာရင်းကို အထည်အလိပ်လုပ်ငန်း သို့ တင်ပြရမည်။ အထည်အလိပ်လုပ်ငန်းမှလည်း ၎င်း နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များ၏ ပြည်ဝင်ခွင့် (Visa) နှင့် နေထိုင်ခွင့် (Stay) များအတွက် လိုအပ်သောထောက်ခံချက်များဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

ကုန်အမှတ်တံဆိပ်ဆိုင်ရာကိစ္စ

၁၀။ မိမိ၏ ကိုယ်ပိုင် အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်လိုပါကထုတ်လုပ်ခွင့်ရှိသည်။ သို့ရာတွင် အဆိုပါ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ မူပိုင်အခွင့်အရေးများကိုချိုးဖောက်ကြောင်းတရားစွဲဆိုခံရလျှင် ထပ်ဆင့်အငှားချထားခြင်းခံရသူ၏ တာဝန်သာ ဖြစ်ပါသည်။

သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာကိစ္စ

၁၁။ ထပ်ဆင့်အငှားချထားသည့် စက်ရုံမှ ထွက်ရှိသောအခိုးအငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ရှိ မြေထု၊ ရေထု၊ လေထုတို့ကိုညစ်ညမ်းအောင် မပြုရ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေသတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရမည်။

၁၂။ ထပ်ဆင့် အငှားချထားခြင်းခံရသူသည် ငှားရမ်းစက်ရုံနှင့် ပတ်သက်၍ ပတ်ဝန်းကျင်အတွက် အနှောက်အယှက်ဖြစ်စေမည့် ဆူညံသံများ၊ အခြားအနှောက်အယှက်ဖြစ်စေမည့် အန္တရာယ်ကို

ကြိုတင်ကာကွယ် တားဆီးရမည်။ အကယ်၍ မလွှဲမရှောင်သာဘဲ ဖြစ်ပွားသွားပါက အငှားချထားခြင်းခံရသူက ကိစ္စကျေနပ်ပြီးဆုံး သည့်တိုင် တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်။ ထို့အပြင် မြန်မာနိုင်ငံတည်ဆဲ ဥပဒေများနှင့် အညီ လိုက်နာ၊ ဆောင်ရွက်ပေးရမည်။ သို့ရာတွင်အငှားချထားသူ လက်ထက်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းနည်းစဉ်များအတိုင်း လုပ်ကိုင်ခွင့်ရှိစေရမည်။

စာချုပ်သက်တမ်းတိုးခြင်း

၁၃။ ထပ်ဆင့်အငှားချထားခြင်းခံရသူသည် မြေနှင့် အဆောက်အဦ ငှားရမ်းရေး စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် ထပ်ဆင့် အငှားချထားသော မြေနှင့် အဆောက်အဦးများကို ဆက်လက်ငှားရမ်းလိုပါက နောက်ထပ်ငှားရမ်းလိုသည့် ကာလနှင့်ငှားရမ်းခနှုန်းထားကို ဖော်ပြလျက် စာချုပ်သက်တမ်းတိုးမြှင့်ပေးပါရန် အငှားချထားသူထံ ထပ်ဆင့် အငှားချထားသူမှ တစ်ဆင့် စာချုပ်သက်တမ်း မကုန်ဆုံးမီ (၃) လ ကြိုတင်၍ စာဖြင့်တင်ပြရမည်။ ထပ်မံ ငှားရမ်းမည့် ကာလအတွက် နှစ်စဉ် ငှားရမ်းခ နှုန်းထားကို နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ ပြင်ဆင်သတ်မှတ်နိုင်သည်။ ထိုသို့ သက်တမ်းတိုးမြှင့်ခြင်း ငှားရမ်းခနှုန်းထား ပြင်ဆင်ခြင်းတို့သည် စက်မှု ဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်စေရမည်။

အငြင်းပွားမှု ဖြေရှင်းခြင်း

၁၄။ ဤစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတရာ ပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် နှစ်ဦးနှစ်ဖက် ဖြေရှင်းကြရမည်။ ထိုကဲ့သို့ ဖြေရှင်း မရနိုင်ပါက ဥပဒေနှင့် အညီ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ချက်ကို ခံယူရမည်။

သယံဇာတ ပစ္စည်းဆိုင်ရာကိစ္စ

၁၅။ ဤစာချုပ်၏ သက်တမ်းအတွင်း ယခုလုပ်ငန်းဆောင်ရွက်သည့် မြေ၏ မြေပေါ် မြေအောက်မှ မမျှော်လင့်ဘဲ ဓာတ်သတ္တု အရင်းအမြစ်များ၊ ရေနံဓာတုဆိုင်ရာ ပစ္စည်းများ၊ သဘာဝ သယံဇာတ ပစ္စည်းများ ရှေးဟောင်းပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ အစရှိသည်တို့ တွေ့ရှိလျှင် ထိုပစ္စည်းများကို အငှားချထားသူက ပိုင်ဆိုင်ရမည့်အပြင် အငှားချထားသူသည် ထိုပစ္စည်းများကို နိုင်ငံတော်အစိုးရ အဖွဲ့အစည်းသို့ လွှဲပြောင်းတင်ပြရမည်။ အငှားချထားသူသည် အဆိုပါ သယံဇာတ ပစ္စည်းများကို မည်သည့် အချိန်တွင် မဆို လွတ်လပ်စွာ တူးဖော်ပိုင်ခွင့် ရှိစေရမည်။

ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း

၁၆။ ထပ်ဆင့်အငှားချထားခြင်းခံရသူသည် ဤသဘောတူ စာချုပ်ပါ ငှားရမ်းခြင်းကာလ ကုန်ဆုံးသည့်အခါ ဖြစ်စေ ငှားရမ်းခြင်း ရပ်စဲသည့်အခါ ဖြစ်စေ၊ ယင်းတို့ ကုန်ဆုံးသည့် (သို့မဟုတ်) ရပ်စဲသည့်နေ့မှ (၁၅) ရက်အတွင်း ထပ်ဆင့်အငှားချထားသည့် မြေနှင့် အဆောက်အဦများကို ထပ်ဆင့် အငှားချထားသူတို့ အဖိုးစားနား မပါရှိဘဲ မူလငှားရမ်းစဉ်က အနေအထားဖြင့် ပြန်လည် လွှဲပြောင်းပေးအပ်ရမည်။

မလွန်ဆန်နိုင်သည့် ဖြစ်ရပ်များ

၁၇။ မလွန်ဆန်နိုင်သော ဖြစ်ရပ်ဆိုသည်မှာ သဘာဝ အလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ် တားမြစ်ချက်များ၊ တရားဥပဒေ စိုးမိုးရေး နှင့် ငြိမ်ဝပ်ပိပြားမှု ပျက်ပျယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သော သတိဂိရိယ နှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်နိုင်၊ မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကို ထိခိုက် ဆုံးရှုံးစေလျှင် ထပ်ဆင့်အငှားချထားခြင်းခံရသူသည် ထပ်ဆင့်အငှားချထားသူသို့ နစ်နာ ဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံခွင့်မရှိစေရ၊

၁၈။ ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ် ဖြစ်ပေါ်သည့် အချိန်မှ (၁၄) (တစ်ဆယ့်လေး) ရက်အတွင်း ထပ်ဆင့်အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ ထပ်ဆင့်အငှားချထားသူမှ တဆင့် ချက်ချင်းစာဖြင့် ရေးသား အကြောင်းကြားရမည်။အငှားချထားသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး မြေနှင့် အဆောက်အဦများ ငှားရမ်းအသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလ အပိုင်းအခြားအတွက် ငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

စာချုပ်အတည်ဖြစ်ခြင်း

၁၉။ ဤစာချုပ်သည် ထပ်ဆင့်အငှားချထားသူနှင့် ထပ်ဆင့်အငှားချထားခြင်းခံရသူတို့ လက်မှတ်ရေးထိုးပြီးပါက အတည်ဖြစ်သည်။

စာချုပ်ပြင်ဆင်ခြင်း

၂၀။ ဤစာချုပ်ပါ စည်းကမ်းများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံဖြည့်စွက် ပြုလုပ်လိုပါက ထပ်ဆင့်အငှားချထားသူ နှင့် ထပ်ဆင့် အငှားချထားခြင်း ခံရသူတို့ နှစ်ဦးနှစ်ဖက် တရားဝင်စာဖြင့် သဘောတူညီချက်နှင့် စက်မှုဇုန်ကြီးဌာန၏ အတည်ပြုချက်အရသာ ပြုလုပ်နိုင်သည်။

၂၁။ ထပ်ဆင့်အငှားချထားခြင်း ခံရသူမှ မြေနှင့် အဆောက်အဦ ငှားရမ်းရာတွင် စီးပွားရေးအရ တွက်ချေကိုက်မှု မရှိခြင်း၊ အခြားသော အဆင်မပြေမှုများ ရှိခြင်းကြောင့် နှစ်ဦး နှစ်ဖက် ပြန်လည် ညှိနှိုင်းဆွေးနွေးရန် (၃) လ ကြိုတင် အကြောင်းကြားရမည်။

စာချုပ်ရပ်စဲခြင်း

၂၂။ စာချုပ်ရပ်စဲခြင်းနှင့် ပတ်သက်၍ စာချုပ်ကို အောက်ပါ အကြောင်းအရာများ တစ်ခုခု ဖြစ်ပေါ်လာပါက စာချုပ်ကို ရပ်စဲခွင့်ရှိသည်။

(က) မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း အစရှိသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ဖြစ်စေ၊ အငှားချထားသည့် စက်ရုံရှိ ပစ္စည်းများ ပျက်စီး ဆုံးရှုံးသွား၍ လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ခြင်း။

(ခ) စာချုပ်သက်တမ်းမကုန်ဆုံးမီ စာချုပ်အား ရပ်စဲလိုပါက ရပ်စဲလိုကြောင်း စာချုပ်ဝင် တစ်ဖက်ဖက်မှ အခြားတစ်ဖက်သို့ (၃) လ ကြိုတင်အကြောင်းကြားခြင်း

(ဂ) စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို အငှားချထားခြင်း ခံရသူမှ ဖောက်ဖျက်ကျူးလွန်ခြင်း

(ဃ) ထပ်ဆင့်အငှားချထားခြင်း ခံရသူက လူမွဲအဖြစ် ခံယူထားခြင်း

(င) စာချုပ်သက်တမ်းကုန်ဆုံးခြင်း

၂၃။ စာချုပ်သက်တမ်း မကုန်ဆုံးသေးသော်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ ဖြစ်စေ၊ ပုဂ္ဂလိကပိုင် ပြုလုပ်ရန်ဖြစ်စေအငှားချထားသူမှ (၃) လကြိုတင်အကြောင်းကြား၍ နှစ်ဖက်ညှိနှိုင်း သဘောတူပြီး စာချုပ်ကိုရပ်စဲနိုင်သည်။ ယင်းတို့ ဆောင်ရွက်ရာတွင် စက်မှုဝန်ကြီးဌာနသို့ တင်ပြ အတည်ပြုချက် ရယူရမည်။

ပြန်လည်ဝင်ရောက်ပိုင်ခွင့်

၂၄။ ထပ်ဆင့်အငှားချထားခြင်းခံရသူသည် စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန် ပျက်ကွက်ခြင်းကြောင်းထပ်ဆင့်အငှားချထားသူကယင်းကဲ့သို့ ပျက်ကွက်မှုများကို ပြုပြင်ရန်(သို့မဟုတ်) လိုက်နာရန် ထပ်ဆင့်အငှားချထားခြင်းခံရသူသို့အကြောင်းကြားစာပေးပို့ပေးပြီးနောက် အကြောင်းကြားစာပါ ကာလအတွင်း လိုက်နာမှုမရှိပါကထပ်ဆင့်အငှားချထားသူသည် အငှားချထားသည့် မြေနှင့် အဆောက်အဦကို ပြန်လည် ဝင်ရောက် လက်ဝယ်ရရှိခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့ ဝင်ရောက်၍ လက်ရောက်ရယူခြင်းသည် ထပ်ဆင့် အငှားချထားသူကထပ်ဆင့်အငှားချထားခြင်းခံရသူထံမှ ရရန်ရှိသောငှားရမ်းခ(သို့) ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုခွင့်ကိုထိခိုက်ခြင်းမရှိစေရ။

၂၅။ ဤစာချုပ်တွင် ပါရှိသောမြေပုံ နှင့် နောက်ဆက်တွဲများသည် စာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

၂၆။ အထက်ဖော်ပြပါ စည်းကမ်းချက်များကိုသဘောတူလက်ခံပါသဖြင့် တစ်ဖက်ပါ အသိသက်သေ အစုံအလင်ရှေ့မှောက်တွင် ၂၀၁၄ ခုနှစ်၊---------------လ၊ (--------) ရက်နေ့၌ထပ်ဆင့်အငှားချထားသူ နှင့် ထပ်ဆင့် အငှားချထားခြင်းခံရသူတို့ လက်မှတ်ရေးထိုးကြပါသည်။

ထပ်ဆင့်အငှားချထားသူ (ကိုယ်စား)	ထပ်ဆင့်အငှားချထားခြင်းခံရသူ (ကိုယ်စား)	
ဒေါ်ရင်လီရင့် (ခ) ဒေါ်လီလီစမ်း	ဒေါ်ရင်လီရင့် (ခ) ဒေါ်လီလီစမ်း	Ms. Jinxia Li
Managing Director	Managing Director	Director
Panda Textile Co.,Ltd	Wedge Garment Co.,Ltd	Wedge Garment Co.,Ltd

အသိသက်သေများ	အသိသက်သေများ
အမည် ----------------------	အမည် ---------------------
မှတ်ပုံတင်အမှတ်---------------------	မှတ်ပုံတင်အမှတ်---------------------
နေရပ်လိပ်စာ ----------------------	နေရပ်လိပ်စာ ----------------------

Limit

Sub-lease agreement of the Real Estate of Insein (11) Garment Factory made by and between Panda Textile Co., Ltd and Wedge Garment Co., Ltd.

On (   ) September, 2014, this deed of sub-lease (hereinafter referred to as sub-lease deed) has been made in Yangon.

Daw Yin Lee Yint (@ Daw Li Li San , NRC No. 13/ Ma Sa Ta (Pyu) 000052, representing for Panda Textile Co., Ltd (hereinafter referred to as “Sub-lessor”) residing in the housing No. 18/A Room 3/4, Bo Yar Nyunt Street, DagonTownship, Yangon Region. (The expression of sub-lessor includes the successor, legal represention, and assigns under the law) is one part, and

Ms. Jinxia Li (holder of Republic of China Passport No.G 41605547) repensenting for Wedge Garment Co., Ltd located in the No (11)Garment Factory Insein - Lower Mingaladon Road, Sin Ngyu Ward, Insein Township, Yangon Region (hereinafter referred to as “Sub- lessee” - the expression includes the successors, legal representatives and assigns under the law) is another part.

Both parties have executed this agreement under the stipulation of the following terms and conditions. The sub-lessor has rented under the (combination of the primary agreement and amendment and addition - hereinafter referred to as the lease agreement stated in the annexure) agreement amended and added and dated on 30th May, 2014 and dated agreement of 29th March, 2013 from Garment Enterprise of the Ministry of Industry (hereinafter referred to as the lessor) for the real property described in details of the annexure of the “sub-lessor”.

According to amended and added agreement dated 30th May, 2014 of textile enterprise of the Ministry of Industry and sub-lessor, the latter has made consortion with the compansies at home and abroad obtained right of performances and the sub-lessor is to incorporate venture company Wedge Garment Co., Ltd with Wuhan Kingsrich International Trading Co.,Ltd and apply to Myanmar Investiment Commission which has directed to enter into sub-lease agreement between sub-lessor and sub-lessee in accordance with from Myanmar Investment Commission and the parties have consented as follows-

1. Pursuant to the amended and added agreement date 30th May, 2014 and agreement of dating 29th March 2013 of textile industry of Ministry of Industry for the real estate detailed in the annexure, the sub-lessor has right to rent again for the implementation of the lessee as he has sound finencial ground and has right to perform true business in the agreement . The signatonies of the agreement have right and povier and guaranteed respectively to sign this agreement.

The lessee has guaranteed the following elements.

(a) The lessee has stipulated the basic of the primary lease agreement for this deed of sublease.

(b) According to the lease agreement of the sub-lessor and the sub-lessee, they are committed to abide by all the elements of the agreement.

(c) The sub-lessee has under taken the affairs to be resulting from the deed of lease, including finance, in default of the sub-lessee for the sub-lessor.

2. The sub-lessee rents the following real estate from the sub-lessor and is to perform **Garment Industry under CMP system.**

(a) Name and location of the No (11)Garment Factory Insein - Lower Mingaladon Road, Sin Ngyu Ward, Insein Township, Yangon Region.

(b) Land (acre) - 2.3 acre

(c) Building - Annexure (B)

Term of the lease

3. The term of the lease is 10 years, as of ( ), ,2014 until ( ) ,2014.

Puration of the Agreement

4. The duration of the agreement is for 10 years, as of ( ) ,2014 until ( ) ,2014 and for the extension of the agreement, it needs to perform under the submission and ratification of the Ministry of Industry.

Rate of Tenancy

5. The rate of tenancy is Kyat 51.74 Million (Kyat Fifty One point Seven Four Million definitely) per or it is as per occasinal amended of the agreement.

Payment of the rent

6. The rent for 1 year is Kyat 51.74 million definitely (Kyat Fifty One point Seven Four million) which shall be paid to the lessor under four enstallment. Kyat 12.94 million (Kyat Twelve point Nine Four million definitely) per quartery shall be paid for full rent that shall be given within one month in advence. The sub-lessee shall incur 30rd of the rental amount of the value as stamp duty under the stamp Act.

Payrent of overdue

7. The sub-lessee, in default of payment within the first month of quarterly of the rent of the factory, shall pay 1st of the rent for three months as fire in every overduce week to the lessor.

Duties and Rights of the Sub-lessee

8. The duties and rights of the sub-lessee are as follows-

(a) The real estate shall be leased and perform as per the annexure.

(b) The sub-lessed building shall be renovated as required.

(c) The charges and taxes of the electricity, water, phone and telecommunication in use for the factory shall be paid within due date and the receipt evidence shall be given monthly to the sub-lessor by making a copy.

(d) All the sub-leased estates shall be property maintained under due diligence. The utilization of electricity shall be made in accordance with the existring laws and rules and precautionary measure of fine safety shall adequately be kept.

(e) Without prior permission of the sub-lessor and lessor, no modification of the construction and extension of the building shall be made.

(f) The subleased properties shall not absolutely be sublet, mortgaged, sold or assigned in anyway.

(g) On requirement of inspection of the state of the subleased building, the representatives duty authorized by the sub-lessor or the lessor shall be allowed for entry.

(h) As regards the subleased property municipal tax and other sundry taxes and charges apart from land tax shall be paid and incurred.

(i) At the expiration of the term of this sublease, the subleased buildings shall be renovated and masntained as per the initial tenable conditions. However, the modifications may be permitted and accepted on reasonable wear and tear.

(j) Within 15 days of the expirtation of the term of the sub-lease, all the sub-rented properties shall be delivered and transferred without any consideration to the sub-lessor as in the condition of tenancy.

(k) At the expiration of the lease of the agreement, installions, modifications and extensions of the subleased real estate shall automatically be the properties of the lessor without payment.

(l) For the subleased factory, all the insurance cover shall be made subject to the provisions of the Myanmar Insurance Enterprise law and undertaking shall be made in order not to be in excess of the term of the insurance.

(m) Apart from permitted work in the subleased real estate, illegel works shall not be performed. Subject to the terms of this agreement, businesses have been stipulated to be implemented only by attaining necessary ratification and permits from the relevant government department and authorities of the Republoic of the Union of Myanmar for the execution of the business.

(n) Due to negligence of the sub-lessed and in the event of any loss, the sub-lessee shall renovate as in the initial tenable conditions or make indemnification.

Duties and Rights of the Sub-lessor

9. The duties and rights of the sub-lessor are as follows.

(a) The business shall be permitted with the utilization of subleased properties to the sub-lessee.

(b) The sub-lessee shall be permitted for the continuation of application of the installed electricity, water supply and phone of the real estate. Inspection shall monthly be made whether or

not payment from the sub-lessee of the used electricity, water, phone and telecommunication and taxes and charges.

(c) The representatives duty authorized for the inspection of the states of the leased real estate shall be made.

(d) In order to availability of the necessary fuel and natural gas for the production of the subleased factory, coordination shall be made with the relevant department.

(e) The term of the insurance of the related insurance of the leased factory shall not be exceeded and supervision shall be made.

(f) Under the requirements of the work, business shall be permitted to be performed on invitation of the foreign experts and technicians. They shall comply with the stipulated laws of the Myanmar during their stay. The lease of the foreigners com ing and working shall be submitted to the textiles industry by the sub-lessee. Coordination shall be made with the relevant ministries for necessary recommendations of the visa and stay of the foreign expert and technicians by the textiles industry.

Trademark Affair

10. Own trademark may be used for the production if desired. However, as regards the above-sited trademark, incase of legal proceedings on breach of copyright, it is only the responsibility of the sub-lessee.

Conservation Affair of the National Environmental

11. The smoke and waste of the subleased factory, pollution of the land, water and atmosphere of the environment shall not be made. The law Stipulation of the conservation of the natural Environment shall be complied.

12. As regard the leased factory, the sub-lessee shall prevent from noises to disturb the surrounding and the hazard of other disturbances to be made. In the event of unaroidable occurance, the sub-lessee shall undertake and solve until satisfaction of the matter. Additionally, the existing law of the Myanmar shall be complied to perform but the formality of the business shall be permitted like the performances of the lessor.

Extension of the term of the Agreement

13. At the expiration of the term of the lease agreement of the real estate, the sub-lessee, if thas wish to continue the rental of it, the extension of the agreement is to be made mentioning rental rate and the period to further be leased. Through the sub-lessor to the lessor, letter shall be submitted 3 months in advance of the expiry of the term of the agreement. The rental rate may be amended and stipulated under mutual coordination for further rental period. The extension and amendment of the rental rate shall be binding merely on ratification of the Ministry of Industry.

Settlement of Disputes

14. As for this agreement, if there is any dispute, it shall be tackled in a amicable way. For so not having done, the decision of the competent court shall be subjected under the law.

Natural Resources Affair

15. Over the term of the lease, on finding of Mineral Resources unexpectedly found in the workplace, crude oil and chemicals, natural resources, antiques and jewelries and the others, they have been possessed by the lessor who shall submit and transfer them to the Union Government. The lessor shall freely dig the above-sited natural resources at any time.

Re-transfer

